# ကျူးဘားနိုင်ငံမှ အစ္စလာမ် သာသနာ



ကျူးဘားနိုင်ငံသည် ပေါတီကျွန်းမကြီး၏ အနောက်ဖက်ယွန်း- မြောက်ပိုင်းတွင် တည်ရှိ၍- မြောက်အမရိက အုပ်စုဝင် နိုင်ငံဖြစ်သည်။ (ပေါတီကျွန်းမကြီးအာ ဟက်စပင်နီအိုလာဟု ခေါ်၍ ပေါတီနိုင်ငံနှင့် ဒိုမင်နီကန် နှစ်နိုင်ငံ တည်ရှိရာ ကျွန်းဖြစ်သည်။)



နောက်ဆုံးသော စာရင်းအရ ကျူးဘားနိုင်ငံရှိ အစ္စလာမ် သာသနာဝင် လူဦးရေမှာ ၃၀၀၀ ဝန်းကျင်ခန့်ရှိသည်။ ယင်းမှာ နိုင်ငံ လူဦးရေ၏ ၀.၀၃ ရာနှုန်း ဖြစ်သည်။ အခြားအပြင်ရပ်ဝန်း စာရင်းတင်ပြမှုမ႕ျားများအရာ ထိုဖေါ်ပြပါ လူဦးရေ စာရင်းသည် ၃၀၀ ခန့်လျော့နည်းသည်ဟု လည်းကောင်း အမြင့်ဆုံး ၇၀၀၀ ခန့်ရှိသည်ဟု လည်းကောင်း ဆိုသည်။ သို့သော် ကျူးဘားအစိုးရ၏ ဘာသာမဲ့နိုင်ငံတော် ဆီသို့ ဦးတည်နေရေး သဘောထားကြောင့် အစ္စလာမ် လူဦရေစာရင်းအား အတိအကျ ပြောဆိုရန်မှာ လွန်စွာ ခက်ခဲလှသည်။

ကျူးဘားနိုင်ငံ၏ မြို့တစ်မြို့ဖြစ်သော ပီလေယာ ဒီ ရိုဆာရီယို မြို့တွင် မူဆလင်လူဦးရေမှာ မြို့၏ ၄၀ ရာနှုန်း ဖြစ်သည်။ ကျူးဘားနိုင်ငံတွင် အစ္စလာမ့်ဝတ်ကျောင်းတော် တည်ဆောက်ခွင့် မရှိသောကြောင့် ကျူးဘား မူဆလင်များသည် ၁၉၄၀ ခုနှစ်တွင် အခြေချနေထိုင်ခဲ့သော လူကုံတန် အာရပ် သူဌေးကြီး၏ အိမ်အား သောကြာနေ့ ဆွလားသ်ဝတ်ပြုရန် နေရာ အဖြစ် အသုံးပြုနေရသည်။ ကျူးဘားအစိုးရမှ ထိုအဆောက်အဦးတွင် ဆွလားသ်ဝတ်ပြုခွင့်အား သောကြာနေ့တွင် သုံးနာရီကြာ ခွင့်ပြုပေးထားသည်။

ကျူးဘား မူဆလင်များမှာ အနည်းဆုံး ၁၀၀၀ မှာ မူလဇစ်မြစ် ဒေသခံ တိုင်းရင်းသားများမှ ဖြစ်သည်ဟု ဆိုသည်။ အမေရိကန်ရောက် ကျူးဘားမျိုးနွယ် ပညာတတ်များမှလည်း အစ္စလာမ်သာသနာအား လက်ခံသည့် လူဦးရေမှာ တိုးပွားလာလျှက် ကျန်ရစ်ခဲ့သော မိဘဆွေမျိုးများအား အစ္စလာမ် သာသနာအား နားလည် လက်ခံ ကျင့်သုံးရန် ဆက်သွယ်ပြောကြားနေမှုများလည်း ရှိနေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com